Burmese | မြန်မာ

# ကျွန်ုပ်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူက ကျွန်ုပ်၏ နမူနာကို ရယူရန်ဆောင်ရွက်ပေးလျှင် ဘာဖြစ်မည်နည်း။



## အဆင့် 1.

သင်သည် ဆေးခန်းမှ ပုံမှန်အားဖြင့် ဆရာဝန်၊ သူနာပြု သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ထမ်းနှင့်အတူ သီးသန့်နေရာတွင် ရှိနေပါမည်။




## အဆင့် 2.

သင့်အား ခါးအောက်ပိုင်း အဝတ်အစားများကို ချွတ်ခိုင်းပြီး ပက်လက် အနေအထားဖြင့် လဲလျောင်းခိုင်းပါမည်။ သင့် ကိုယ်ကို ဖုံးထားရန် အိပ်ရာခင်းတစ်ခု ပေးပါလိမ့်မည်။



## အဆင့် 3.

ဆရာဝန် သို့မဟုတ် သူနာပြုက သင့် သားအိမ်ခေါင်းကို လွယ်ကူစွာ မြင်စေရန် ဘဲနှုတ်သီးပုံသဏ္ဍာန်ကိရိယာ (Speculum) ကို အသုံးပြုပါမည်။




## အဆင့် 4.

ထို့နောက် ၎င်းတို့သည် သင့် သားအိမ်ခေါင်းမှ ဆဲလ်နမူနာလေးများကို နူးညံ့သည့် ဝက်မှင်စုတ်တံကို အသုံးပြုကာ ပွတ်၍ထုတ်ယူပါမည်။ ဤသို့ပြုလုပ်ခြင်းသည် အနည်းငယ် ကသိကအောက် ဖြစ်နိုင်သော်လည်း နာကျင်မှု မဖြစ်စေပါ။ အကယ်၍ နာကျင်ပါက ကျန်းမာရေး စောင့်ရှောက်မှု ဝန်ထမ်းကို ချက်ချင်း အသိပေးပါ။



## အဆင့် 5.

သင့် ကျန်းမာရေး စောင့်ရှောက်သူက ထိုနမူနာကို ရောဂါဗေဒဆိုင်ရာ ဓာတ်ခွဲခန်းသို့ စစ်ဆေးရန် ပေးပို့ပါလိမ့်မည်။



## အဆင့် 6.

ရောဂါဗေဒဆိုင်ရာ ဓာတ်ခွဲခန်းက သင့် ဆဲလ်နမူနာကို စစ်ဆေးပြီး တွေ့ရှိချက်များအား သင့် ကျန်းမာရေး စောင့်ရှောက်သူထံ ပို့ပေးပါလိမ့်မည်။


Australian Government

NATIONAL CERVICAL SCREENING PROGRAM
A joint Australian, State and Territory Government Program

Government of Western Australia
North Metropolitan Health Service
WA Cervical Cancer Prevention Program